# ကျေးရွာလက်စွဲစာအုပ်



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်
သဒ္ဒတ်ကျေးရွာအုပ်စု၊ သဒ္ဒတ်(န)ကျေးရွာ

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ မေလ (၁၀)ရက်

Scanned by CamScanner

မာတိကာ


၁။ ကျေးဇူးတင်ဂုဏ်ပြုလွှာ

၂။ မာတိကာ (မြို့နယ်အုပ်ချုပ်ရေးမှူးလက်မှတ် ပါသည့်စာရွက်)

၃။ မိဆက်----

ဦးအောင်မင်းနိုင်လက်မှတ်

ကျေးရွာအုပ်ချုပ်ရေးမှူးလက်မှတ်

၄။ မြေပုံရေးဆွဲရခြင်းရည်ရွယ်ချက်။

၅။ ကျေးရွာအခြေခံသတင်းအချက်လက်အနှစ်ချုပ်

၆။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ

၇။ ရာသီခွင်ပြဇယား

၈။ ပြဿနာသစ်ပင် နှင့် ဖြေရှင်းမှုစက်ကွင်း

၉။ ဝန်ဆောင်မှုနှင့် အခွင့်အလမ်းမြေပုံ

၁၀။ အနာဂတ် မျှော်မှန်းချက် မြေပုံ

၁၁။ ထူးခြားဖြစ်စဉ် မြေပုံ။

၁၂။ လူမှုကာကွယ်စောင့်ရှောက်မှုအခြေအနေပြဇယား

၁၃။ လုပ်ငန်းအကောင်အထည်ဖော်ဇယား (Action Plan)

၁၄။ စားဝတ်နေရေးနှင့် ထိခိုက်လွယ်မှု အနေအထားအရ ကျေးရွာမှအဆင့်သတ်မှတ်ထားမှု ဇယား

၁၅။ အခြေခံ သတင်းအချက်အလက် ဇယား။


Scanned by CamScanner

# မိတ်ဆက်

ဤကျေးရွာလက်စွဲစာအုပ်သည် မိမိတို့ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး အခြေအနေ အရပ်ရပ်တို့နှင့် ဘေးအန္တရာယ် အတွေ့အကြုံများ၊ ထိခိုက်ခံရမှုများကို လူထုကိုယ်တိုင် ကျေးရွာအတွင်း၊ ရပ်ကွက်အတွင်း စကားဝိုင်းဆွေးနွေးပွဲများမှ ထွက်ပေါ်လာခဲ့သော အကြောင်းအရာများကို မှတ်တမ်းတင်ထားခြင်းဖြစ်ပြီး ၄င်းအချက်အလက်များကို အခြေခံ၍ မိမိတို့ကျေးရွာ၊ ရပ်ကွက်တိုးတက်ဖွံ့ဖြိုးလာစေရန် လိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်ကာ မည်ကဲ့သို့ အောင်မြင်ဖြစ်ထွန်းစေရန် ကြံဆောင်လုပ်ကိုင်နိုင်ကြမည်ဟူသော လိုအပ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရေးအစီအစဉ်ကို ရေးဆွဲကြခြင်းဖြစ်သောကြောင့် မိမိတို့ကျေးရွာ၏ ရည်မှန်းချက်ပန်းတိုင်ကို သတ်မှတ်ဖော်ထုတ်သော အစီအစဉ်များဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။

ဤကျေးရွာလက်စွဲစာအုပ်မှတ်တမ်း ပေါ်ထွက်လာစေရန်အတွက် အဓိကကူညီပံ့ပိုးကာ အချက်အလက်များကို ကျေးရွာအတွင်း စကားဝိုင်းနှင့် ဆွေးနွေးပွဲများ ပြုလုပ်ကာ မှတ်တမ်းပြုစုသူများမှာလည်း ဤကျေးရွာမှပင်ဖြစ်ကာ ယခုကဲ့သို့ မှတ်တမ်းပြုစုနိုင်ရန်အတွက်လည်း Action Aid (INGO) အဖွဲ့မှ သင်တန်းတက်ရောက်ခဲ့ပါသည်။

ထို့ကြောင့် ကျေးလက်စွဲစာအုပ်သည် ဘေးအန္တရာယ်များကို မည်ကဲ့သို့ကြိုတင်ကာကွယ်ရမည်၊ ထိခိုက်မှုကိုမည်ကဲ့သို့လျော့နိုင်မည် အစရှိသည့်နည်းလမ်းများကို လုပ်ဆောင်လာနိုင်ရန် လမ်းညွှန်မှုများကိုလည်း ပြုလုပ်နေပါသောကြောင့် ဘေးအန္တရာယ်ကြောင့် မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍတို့တွင် ထိခိုက်ဆုံးရှုံးရမှုများကို လျော့နည်းသက်သာစေမည်လည်း ဖြစ်ပါသည်။

ဤကဲ့သို့ တစ်ရွာလုံး၏ အတွေ့အကြုံဗဟုသုတနှင့် သဘောထားဆန္ဒတို့ကို တနေရာတည်း၌ စုစည်းတင်ပြထားသောကြောင့် အလွယ်တကူ ဖတ်ရှု၍ သိရှိနိုင်ကာ ရေရှည်၌ မိမိတို့၏ တစ်ဦးချင်း၊ မိသားစုနှင့် တစ်ရွားလုံးအတိုင်းအတာအရ တိုးတက်ဖွံ့ဖြိုးရေးတွင် အနှောက်အယှက်အန္တရာယ်တို့ လျော့နည်းကာ တရွားလုံးမှသည် ဒေသတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ရည်သန်ကာ မှတ်တမ်းပြုစု တင်ပြအပ်ပါသည်။

(ဤကျေးရွာလက်စွဲစာအုပ်အား ဖတ်ရှု၍ နိုင်ငံတော်မှ လည်းကောင်း၊ INGO/NGO အဖွဲ့အစည်းအသီးသီးမှလည်းကောင်း၊ မိမိရပ်ရွာမှ လည်းကောင်း ရပ်ရွာဒေသဖွံ့ဖြိုးရေးအတွက်သိရှိဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုပါသည်။)

လေးစားစွာဖြင့်

အောင်မင်းနိုင်

အပူပိုင်းဇုံဒေသစီမံကိန်းမန်နေဂျာ

အက်ရှင်အေဒ့်မြန်မာ

၀၉-၇၉၄၄၀၂၆၉၇၊ ၀၆၂-၆၀၄၀၂

:

Scanned by CamScanner

## ကျေးရွာအုပ်ချုပ်ရေးမှူး၏ အသည်းပြုထောက်ခံချက်မှတ်တမ်း

ဤမှတ်တမ်းပါအကြောင်းအရာအချက်အလက်များသည် ကျွန်ုပ်တို့ကျေးရွာသူ/သားများကိုယ်တိုင် ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ၊ ကျေးရွာ၏လိုအပ်ချက်များနှင့် ဖြေရှင်းနည်းလမ်းများ ဖြစ်ပါသည်။

ယခုကဲ့သို့ ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလဒ်အနေဖြင့် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန်လိုအပ်နေမှုများကို သေသေချာချာနားလည်သဘောပေါက်လာခဲ့ရပြီး တိကျရှင်းလင်းသောအဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင်ချမှတ်နိုင်ခဲ့ကြပါသည်။ မှတ်တမ်းစာအုပ်ပါအချက်အလက်များသည် ယခင်နှင့်ယခုနှိုင်းယှဉ်ပြ၍ သင်ခန်းစာယူစရာများ၊ ကြိုတင်သတိမူစရာများနှင့် ပိုမိုကောင်းမွန်သောနည်းလမ်းများကို ဖေါ်ထုတ်နိုင်ခဲ့ကြပြီး ကျေးရွာသူကျေးရွာ သားများကိုယ်တိုင် ၊တတ်သိပညာရှင်များနှင့်လည်းကောင်း၊ မိမိတို့ဒေသတွင်းရှိ ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းများနှင့်လည်းကောင်း ပိုမို၍အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်လာနိုင်ရန် လမ်းညွှန်ပြသနေသည်လည်းဖြစ်ပါသည်။

အထူးမှာ...... ယခုကဲ့သို့ကျေးရွာသူကျေးရွာသားများ စုစည်းညီညာစွာတိုင်ပင်နှီးနှော၍ ဆွေးနွေးဆုံးဖြတ်ကြပါသောကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးကို အမှားအယွင်းနည်းစွာဖြင့် ရေတိုရောရေရှည်မှာပါ ပို၍ထိရောက်အောင်မြင်မှာ မလွဲပါ။

ထို့ပြင် မှတ်တမ်းတင်ဂုဏ်ပြုထိုက်သူမှာ ဤမှတ်တမ်းကို တိကျသေချာအကျိုးရှိအောင် ကြိုးစားဖော်ထုတ် လုပ်ကိုင်ပေးကြသော ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအကျိုးဆောင်လူငယ် ဦးဆယ်ခင်၊ ဦးချစ်ဆန်း၊ ဦးဖိုးစု၊ ဦးဇော်ဝင်း နှင့် ကျေးရွာသူကျေးရွာသားများ အက်ရှင်အေ့ဒ်(မြန်မာ)မှ ကွင်းဆင်းဝန်ထမ်း များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာမှတက်သည့်ပညာရှင်များပင်ဖြစ်ပါတော့သည်။

ကျေးရွာအုပ်ချုပ်ရေးမှူး

သဒ္ဒတ်(န)ကျေးရွာ၊ သဒ္ဒတ်ကျေးရွာအုပ်စု

မြိုင်မြို့နယ်

## မြေပုံများရေးဆွဲရခြင်း၏ ရည်ရွယ်ချက်

### လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် လူဦးရေ၊ အိမ်ခြေ၊ မိသားစုများ၏ ထိခိုက်လွယ်သူများ နေထိုင်ရာ နေရာနှင့်တကွ မှတ်တမ်းတင်နိုင်ရန်၊ (သက်ကြီးဦးဆောင်သောအိမ်၊ အမျိုးသမီးဦးဆောင်နေသောနေအိမ် မသန်စွမ်းရှိသောအိမ် စသည်ဖြင့်)
- ကျေးရွာ၏ လမ်းတံတား၊ အဆောက်အဦး၊ သောက်သုံးရေရရှိနိုင်မှုအနေအထားများ။
- ကျေးရွာ၏ စိုက်ပျိုးမြေနှင့် မြေယာပိုင်ဆိုင်မှု၊ သစ်တောနှင့်သဘာဝအရင်းအမြစ်များ ရရှိမှုနှင့် အသုံးပြုနိုင်မှု
- ကျေးရွာ၏ တည်နေရာနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဆက်စပ်လုပ်ကိုင် နေမှုများ။ လူမှု/စီးပွားအခြေအနေ၊
- ကျေးရွာ၏ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ဖွယ်ရှိသော နေရာများအား သတ်မှတ်ဖော်ထုတ်နိုင်ရန် နှင့် ကြိုတင်ကာကွယ်ခြင်းနှင့် ပြင်ဆင်ခြင်းများပြုလုပ်နိုင်ရန်၊

### ရာသီခွင်ပြဇယားရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာနှင့် ပိုးမွှားရောဂါများကျရောက်မှု၊ အလုပ်အကိုင်အခွင့် အလမ်းများ ရရှိနေမှုကိုသိရှိနိုင်ရန်၊
- ကျေးရွာ၏ ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်တတ်သောလများ (မိုးကြီး မိုးခေါင်၊ ရေရှား၊ မီးဘေး၊ စသည်ဖြင့်) သိရှိနိုင်ကြရန်နှင့် ကြိုတင်ပြင်ဆင်၊ ကာကွယ်နိုင်ကြရန်၊
- လူမှုရေးနှင့် ဘာသာရေးပွဲတော်များ ကျင်းပနိုင်မှုအခြေအနေကို မှတ်တမ်းတင်၍ ရိုးရာယဉ်ကျေးမှု ဓလေ့ ထုံးတမ်းများ မပျောက်ပျက်စေရန် ထိန်းသိမ်းနိုင်ရေး၊
- လအလိုက် ဝင်ငွေထွက်ငွေကို လုပ်ငန်းအမျိုးအစားအလိုက် တွက်ချက်သိရှိပြီး ထွက်ငွေနှင့်ဝင်ငွေ မမျှတမှု ကို နည်းလမ်းရှာ၍ ဖြေရှင်းနိုင်ရန်၊

### ကျေးရွာ၏ပြဿနာသစ်ပင်ရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာ၏ အခက်အခဲပြဿနာများဖြစ်ရခြင်းအကြောင်းအရင်းများကို သတ်မှတ်ဖော်ထုတ်ပြီး အကိုင်း အခက်များသဖွယ် ဖြာထွက်လာသော အကျိုးဆက်များနှင့် အသီးအပွင့်များ သဖွယ်ဖြစ်တည်လာသော နောက်ဆက်လက်ဖြစ်ပွားမည့် မျိုးစေ့နှင့် လက်ရှိပြဿနာ အသီးအပွင့်များကို သိရှိနားလည်လာပြီး ၎င်း ပြဿနာသစ်ပင်ပေါက်ပွားမှုအား မျိုးသုန်းပျောက်ကွယ်သွားအောင် အမြစ်၊ အပင်၊ အကိုင်း၊ အသီးအပွင့် နှင့် မျိုးစေ့များကို ဖယ်ရှားသုတ်သင်နိုင်လာနိုင်စေရန်။
- ဤနည်းသည် မြန်မာစကားပုံပါ "ပေါက်ပင်ဘာကြောင့်ကိုင်းရတယ်" ဟူသောအကြောင်း အကျိုးပြရှင်းလင်း အဖြေရှာခြင်းနှင့် ဆင်တူပါသည်၊
- "သတိမမူ ဂူမမြင်"ဟူသော အဆုံးအမအတိုင်း သတိမမူမိခဲ့သော ပြဿနာအခက်အခဲများသည် **သစ်ပင်သဖွယ် ရှင်သန်ကြီးထွားခနမှုအား၊ ရပ်တန့်ရန်(သို့)သတိမူမိခဲ့သော်လည်း မဖြေရှင်းနိုင်** လောက်အောင် ပြဿနာကြီးမားနေမှုကို ရှင်းလင်းစွာသိရှိကြပြီး တတ်သိပညာရှင်များနှင့် ပူးပေါင်းကာ နည်းလမ်းရှာ သုတ်သင်နိုင်လာစေရန်။

Scanned by CamScanner

- ပြဿနာအခက်အခဲများသည် အရေအတွက်နှင့် ပမာဏအားဖြင့် များပြားကြီးမားသောကြောင့် တစ်ခုနှင့် တစ်ခုဆက်နွယ်ကာ ပိုမိုရှုပ်ထွေးသော ပြဿနာသစ်ပင်များ စုစည်းပေါ်ပေါက်နေမှုသည် ဆင်းရဲမှုကို ပိုမို ဖြစ်ပေါ်နေစေကြောင်း သိသာထင်ရှားလာစေရန်။
- "သို့သော် အနာသိက ဆေးရှိသည်"ဟူသော လောကဓမ္မတာအတိုင်း အနာကို အတိအကျ သိရှိလာနိုင်စေ ရန်နှင့် ပျောက်ကင်းအောင်ကုသရန် ဆေးညွှန်းကို တိကျစွာဖော်စပ်လာနိုင်စေရန်။

ပြဿနာဖြေရှင်းမှုစက်ကွင်းရေးဆွဲဖော်ထုတ်ရခြင်း၏ ရည်ရွယ်ချက်

- ပြဿနာသစ်ပင်များကို ရေးဆွဲဖော်ထုတ်သတ်မှတ်ပြီးနောက် တစ်ဆက်တည်းဖြေရှင်းအဖြေရှာမှုကိုပါ ဆက်တိုက်လုပ်ဆောင်ခြင်းအားဖြင့် ကျေးရွာသူ/သားများ၏ အတွေးအမြင်၌ မဖြစ်နိုင်ဟူသော သံသယသည် ကင်းစင်ပပျောက်စေပြီး ပိုမိုစိတ်အားထက်သန်ကာ "လိုလျှင်ကြံဆနည်းလမ်းရ"ဟူသော ဆောင်ပုဒ်အတိုင်း အများနှင့်အတူ ဆွေးနွေးတိုင်ပင်ကာ နည်းလမ်းများကို ကြံဆနိုင်စေရန်။

ထူးခြားဖြစ်စဉ်ပြဇယားရည်ရွယ်ချက်

- ထူးခြားစွာဖြင့် မိမိရပ်ရွာသူ/သားများကို အခက်အခဲအကြပ်အတည်းတွေ့စေခဲ့သော ခုနှစ်များကို သက်ကြီးစကားသက်ငယ်ကြားဖြင့် ဖော်ထုတ်မှတ်တမ်းတင်ခြင်းဖြင့် မျိုးဆက်နှစ်ဆက်သုံးဆက် အလွန်ကာလနှင့် ယခုကာလအထိ အခက်အခဲအကြပ်အတည်းများကို သိရှိလာစေပြီး နောင်အခါတွင် ၎င်းအခက် အခဲမျိုးဖြစ်ပေါ်နိုင်ခြေကို သတိရှိသွားပြီး ကြိုတင်ပြင်ဆင်ကာကွယ်မှု လုပ်ဆောင်နိုင် စေရန်။
- အထူးအားဖြင့် လူအများစုအား အတိဒုက္ခရောက်စေခဲ့သော ကြီးမားသည့် သဘာဝဘေးအန္တရာယ် ထိခိုက်ခဲ့ရမှုများနှင့် လူတို့ကဖန်တီးခဲ့သော ဘေးအန္တရာယ်များကြောင့် ရပ်ရွာသူ/သားများ အခက်အခဲအကြပ်အတည်းဖြစ်ပေါ်ခဲ့ရမှုများကို သင်ခန်းစာရယူနိုင်ရန်နှင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ် ရန် အသိများရရှိစေရန်။
- အပြောင်းအလဲဖြစ်ပေါ်တိုးတက်မှုသည် "အကောင်း" "အဆိုး" ဒွန်တွဲနေနိုင်သည်ကို သင်ခန်းစာရရှိစေရန်။
- အပူပိုင်းဇုံဒေသသည် မိုးခေါင်ခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးရမှု၊ သောက်ရေနှင့် စိုက်ပျိုးရေအခက်အခဲဖြစ်ရ ခြင်းနှင့် စားနပ်ရိက္ခာအခက်အခဲဖြစ်ရခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသောအချက်သည် သာမန်ဖြစ်ရိုးဖြစ်စဉ်ဟု အမြင်ရှိနေသော မျိုးဆက်သစ် အသက်အရွယ်ငယ်ရွယ်သူများက ထင်မှတ်နေမှုကို ယခင်ကလည်းကြုံဖူးသည်ဟူသော ထင်ရှားသောသတိပေးမှုကြောင့် ကြိုတင်ပြင်ဆင် ကာကွယ်ခြင်း နည်းလမ်းများကို ရှာဖွေ၍ ရပ်ရွာ၏မိုးခေါင်မှု၊ ရေကြီးမှု၊ သီးနှံဖျက်ပိုးအကျ၊ မြေဆီလွှာပျက်စီးမှု၊ လမ်းပန်းဆက်သွယ်ရေးမကောင်းမှု၊ ပညာရေးနှောင့်နှေးရမှု၊ သတင်းဆက်သွယ်ရေးအခက်အခဲ စသည့်တို့ သည် ဆင့်ကဲဖြစ်စဉ်များအဖြစ် ရပ်ရွာလူထုအား ပိုမိုဆင်းရဲမှု အခက်အခဲကို ဖြစ်ပေါ်စေနေသည့်ကို ထင်ရှားသိစေရန်။
- ၎င်းနည်းလမ်းများသည် တစ်ယောက်အားဖြင့်ယူသော်မရ အများအားဖြင့်ယူသော်ရ၏ ဟူသောလမ်းညွှန် ဆုံးမမှုအတိုင်း မိမိမသိသည်ကို သိသူက၊ မိမိမစွမ်းနိုင်သည်ကို စွမ်းနိုင်သူက၊ မိမိမလုပ်နိုင်သည်ကို လုပ်နိုင်သူကတာဝန်ယူကာ ဖြေရှင်းမည့်နည်းလမ်းများပေါ်ထွက်လာစေရန်။
- ယခုကဲ့သို့ အခက်အခဲပြဿနာများသည် ရပ်ရွာအတွက် ဆင်းရဲမှုဟူသောဝန်ထုတ်ဝန်ပိုးသည် ဆွဲအား အောက်သို့သက်ရောက်မှုကို ဖြစ်ပေါ်စေရာမှနည်းလမ်းများတည်းဟူသော မိုးပျံပူပေါင်း

Scanned by CamScanner

များက ဆွဲမလိုက်၍ အောက်ဆွဲအားကို ဆန့်ကျင်ဖယ်ရှားလျှက် အထက်သို့ပေါ်ပါးစွာရုန်းထွက် ပျံတက်သွားနိုင်ပုံကို ဥပမာ တင်စား၍ရှင်းလင်း အဖြေရှာတင်ပြခြင်းဖြင့် နားလည်စေခြင်း။

- "ဆင်းရဲမှု" နှင့် "ဆင်းရဲမှုမှလွတ်မြောက်မှု" အားပြိုင်ဆွဲငင်ကြသောကြောင့် အားသက်ရောက်မှု စက်ကွင်းဟုခေါ်ဝေါ်သုံးနှုန်း၍ အားထုတ်ရမည်ဟူသော အသိကို ရရှိစေခြင်း။

အနာဂတ်မျှော်မှန်းချက်ပြမြေပုံရေးဆွဲရခြင်းရည်ရွယ်ချက်

- အိမ်မက်မြေပုံသည် ကျေးရွာနှင့်ရွာသူရွာသားတို့ လူမှုစီးပွားအခြေအနေအရပ်ရပ်များကို မည်ကဲ့သို့ မြင်တွေ့လိုပါကြောင်း ရွာသူရွာသားတို့၏ဆန္ဒနှင့် သဘောထားတို့ကို ထင်ဟပ်သော အနာဂတ်မျှော်မှန်း ချက်များ၏ ပုံသဏ္ဍာန်ဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့် အေးချမ်းသာယာမှုကို ရွာသူရွာသားများကိုယ်တိုင် ပုံဖော် ကြည့်မည့်အစီအစဉ်များအား အဓိကထား၍ မျှော်မှန်းကာ အနာဂတ်ကို အလှပဆုံးနှင့် အစေပါယ်မရှိဆုံးဖြစ် လာရန် ပဏာမခြေလှမ်းပင်ဖြစ်ပါတော့သည်။

ကျေးရွာ၏ လိုအပ်ချက်အကောင်အထည်ဖော်ဖယားရေးဆွဲရခြင်းရည်ရွယ်ချက်

- လက်တွေ့အကောင်အထည်ဖော်မည့်အစီအစဉ်သည် ကျေးရွာ၏လိုအပ်ချက်များ ဦးစားပေး လုပ်ဆောင်ရန် အစီအစဉ်နှင့် အနာဂတ်ကျေးရွာအိမ်မက်များကို အမှန်တကယ်ရရှိလာနိုင်ရန် အတွက် တိကျသေချာသော တာဝန်ခွဲဝေယူမှုနှင့် မည်သို့လုပ်ဆောင်မည်၊ မည်သူက လုပ်ဆောင်မည်နှင့် မည်သည့်အချိန်တွင် လုပ်ဆောင်ကြမည်များကို ကျေးရွာသူ/သားများကို ကိုယ်တိုင်တာဝန်ခွဲဝေသတ်မှတ်ကြခြင်းဖြစ်ပါသည်။

အမျိုးသမီးဆိုင်ရာသုံးသပ်ချက် ရေးဆွဲရခြင်းရည်ရွယ်ချက်

- အမျိုးသမီးသက်ငယ်/သက်ကြီး(ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်တို့၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေတို့ကို မှတ်တမ်းပြုစုနိုင်ပြီး အခက်အခဲများအား ကျော်လွှားလာနိုင်ကာ မိသားစုနှင့် ရပ်ရွာကိုဦးဆောင်နိုင်မှု အခွင့်အလမ်းနှင့် စွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာစေရန်။
- "ပုခက်လွှဲသောလက်သည် ကမ္ဘာကို ကိုင်လှုပ်နိုင်သော ခွန်အားနှင့် စွမ်းရည်အပြည့်အဝ ရှိသည်"ဆိုသည့် ဆိုရိုးစကားအား ပိုမိုကျယ်ပြန့်စွာအသိအမှတ်ပြုလာနိုင်စေရန်။
- ကျား၊ မ တန်းတူညီမျှမှုရှိရေး ရပ်ရွာမှသိမြင်လက်ခံလာပြီး ခွဲခြားဆက်ဆံမှုပပျောက်နိုင်ရန်၊ ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်တို့သည် ညီ၊ အစ်ကို၊ အဖေ၊ အဖိုး၊ ဦးရီးတို့နှင့်အတူတူပင် စွမ်းဆောင်ရည်များ ပြည့်ဝ ကြောင်း ထင်ရှားသိလာကြစေရန်။

Scanned by CamScanner

ကျေးရွာအခြေခံ သတင်းအချက်အလက် အနှစ်ချုပ်

- ကျေးရွာအမည် - သဒ္ဒတ်(န)ကျေးရွာ
- ကျေးရွာအုပ်စု - သဒ္ဒတ်ကျေးရွာအုပ်စု
- မြို့နယ် - မြိုင်မြို့နယ်
- တိုင်းဒေသကြီး - မကွေးတိုင်း
- မိသားစု စုစုပေါင်း - ၂၈၇ - စု
- အိမ်ထောင်စု စုစုပေါင်း - ၅၇ - စု

အသက်အပိုင်းအခြားအလိုက်ဦးရေ

| လူဦးရေ | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| လူဦးရေစုစုပေါင်း | ၁၅၇ | ၁၃၀ | ၂၈၇ |
| ၀ မှ ၅ နှစ်အောက် | | | ၂၀ |
| ၅ မှ ၁၃ နှစ်အောက် | | | ၃၈ |
| ၁၃ မှ ၁၈ နှစ်အောက် | | | ၂၈ |
| ၁၈ မှ ၃၅ နှစ်အောက် | | | ၁၀၆ |
| ၃၅ မှ ၆၀ နှစ်အောက် | | | ၇၃ |
| ၆၀နှစ် နှင့် အထက် | | | ၂၀ |

| မိသားစုအမျိုးအစား | တောင်သူ | ကျပန်း | ထန်း | ပေါင်း |
|---|---|---|---|---|
| သက်ကြီးဦးဆောင်သောမိသားစု စုစုပေါင်း | ၉ | ၄ | - | ၁၃ |
| အမျိုးသမီးဦးဆောင်မိသားစု စုစုပေါင်း | ၇ | ၁ | - | ၈ |
| မသန်စွမ်းဦးဆောင်မိသားစု | - | - | - | |

အဓိကအသက်မွေးဝမ်းကြောင်းနှင့်ပါတ်သက်သော ပိုင်ဆိုင်မှုများ

- ဆိုင်ကယ် - ၂၄ စီး
- ဖုန်း - ၄၆ လုံး
- နွားလှည်း - ၁၅ စီး
- နွားလှည်း(ရေစည်) -
- တီဗွီ/ဗီဒီယို - ၁၂ လုံး
- စက်ဘီး - ၁၃ စီး
- ဂြိုလ်တု စလောင်း - ၄ လုံး
- နွားစာစဉ်းစက် - ၁ လုံး
- ဆီကြိတ်စက် -
- အပ်ချုပ်စက် - ၃ လုံး
- ချွေလှေ့စက် -
- ရိတ်သိမ်းစက် -

Scanned by CamScanner

- လယ်ထွန်စက် -
- လက်တွန်းထွန်စက် - ၁ စီး
- သုံးဘီး -
- ထော်လာဂျီ -
- ကား - ၃ စီး
- ရေနံတူးစက် -

မွေးမြူရေးဆိုင်ရာ ပိုင်ဆိုင်မှုများ

- နွား(နိုင်း) - ၃၂ ကောင်
- နွား(မွေး) - ၂၁ ကောင်
- ဝက် - ၁၁ ကောင်
- ကြက်ခြံ -
- ဆိတ် -

ရွှေ့ပြောင်းလုပ်သားဦးရေ

- ပြည်တွင်း - ၁၀၁ ယောက်
- ပြည်ပ -

စိုက်ပျိုးမြေပိုင်ဆိုင်မှု(ဧက)

- လယ်မြေ - ၉၃.၂ ဧက
- ယာမြေ - ၉၁.၁ ဧက
- ဥယျာဉ်ခြံ -
- ပလပ်မြေ/ကျွန်းမြေ -
- သနပ်ခါးစိုက်ပျိုးမြေ - ၈ ဧက
- စကျင်မြေ -
- သစ်တောမြေ -

သောက်သုံးရေရရှိမှု

- အဝီစိစက်ရေတွင်း - ၁ တွင်း
- ရေလှောင်ကန် -
- ငွေကျယ်ရေတွင်း - ၃ တွင်း
- မြေသားရေကန် - ၁ တွင်း
- မြစ် -
- ချောင်း - ၁
- ဆည် - ၁
- လက်နှိပ်တုံကင် -
- ရေပိုက်လိုင်းသွယ် -

Scanned by CamScanner

အလုပ်အကိုင် ပိုင်ဆိုင်မှုနှင့် ထိခိုက်လွယ်အုပ်စု အမျိုးအစားအရမှတ်တမ်း

| စဉ် | အသက်မွေးဝမ်းကျောင်းလုပ်ငန်းအမည် | ဦးရေ |
|---|---|---|
| ၁ | နေစားလုပ်သား | |
| ၂ | ထန်းတောပိုင်သူ<br>• ထန်းပင်(၂၀)အောက်ပိုင်သူ<br>• ထန်းပင်(၂၀ မှ ၅၀ကြား)ပိုင်သူ<br>• ထန်းပင်(၅၀ မှ ၁၀၀ကြား)ပိုင်သူ<br>• ထန်းပင်(၁၀၀)အထက်ပိုင်သူ | ၁၃<br>၇<br>၆ |
| ၃ | ထန်းလုပ်သား | |
| ၄ | ဈေးရောင်း<br>• အကြော်/ပဲပြုတ်<br>• ဟင်းသီးဟင်းရွက်<br>• ကုန်စုံဆိုင် (အကြီး)<br>• ကုန်စုံဆိုင် (အသေး) | ၂ ဦး<br>-<br>-<br>-<br>၂ |
| ၅ | လယ်ယာပိုင်သူ<br>• လယ်/ယာ (၁)ကေ အောက်ပိုင်သူ<br>• လယ်/ယာ(၂)ကေ အောက်ပိုင်သူ<br>• လယ်/ယာ(၃)ကေ အောက်ပိုင်သူ<br>• လယ်/ယာ(၄)ကေ အောက်ပိုင်သူ<br>• လယ်/ယာ(၅ မှ ၉)ကေ ကြားပိုင်သူ<br>• လယ်/ယာ (၁၀)ကေနှင့် အထက်ပိုင်သူ | ၃၂ ဦး<br>၄<br>၂<br>၆<br>၁၀<br>၅<br>၁ |

ပညာရေးအခြေအနေ

ကျောင်းအမျိုးအစား/ဝန်ထမ်း

- ကျောင်းဆရာ/ဆရာမ ဦးရေ -
- မူကြို -
- မူလတန်း -
- မူလွန် -
- အလယ်တန်း -
- အထက်တန်း -

Scanned by CamScanner

ပညာတက်မြောက်မှု

- ဘွဲ့ရ -
- အထက်တန်းအောင် - ၈ ဦး
- အထက်တန်း - ၂၀ ဦး
- အလယ်တန်း - ၅၀ ဦး
- မူလတန်း - ၁၄၂ ဦး
- ဘက - ၂၀ ဦး
- ပညာအတက် - ၄ ဦး
- အသုံးလုံး - ၅ ဦး

ကျန်းမာရေး

- ဆေးခန်း -
- အရံသားဖွား -
- ဆေးဆရာ -
- သူနာပြု -
- တိုင်းရင်းဆေး -
- အရပ်လက်သည် -
- ဘိန်းတော -

ကျန်းမာရေး ဆိုင်ရာအခြေအနေ

- အိမ်သာအသုံးပြုသော မိသားစု - ၃၀ လုံး
- အဖြစ်များသောရောဂါများ - သွေးလွန်တုတ်ကွေး

မသန်စွမ်း

- ခြေတစ်ဘက် - ၁ ဦး
- ခြေနှစ်ဘက် - ၂ ဦး
- လက်တစ်ဘက် - ၁ ဦး
- လက်နှစ်ဘက် -
- ဆွံ့အ -
- နားမကြား -
- မျက်မမြင် -
- ကျပ်မပြည့် -

Scanned by CamScanner

အလုပ်အကိုင် ဆိုင်ရာများ

- တောင်သူ - ၃၀ ဦး
- ထန်းတက်သူ - ၁ ဦး
- စက်ပြင်သူ -
- ပုရံလက်သမား - ၁ ဦး
- လက်မှုပညာလုပ်ကိုင်သူ -
- ထန်သာဖျင်းသူ -
- ကျောက်ထုသူ -
- မုန့်လုပ်သူ -
- အကြော်ကြော်ရောင်းသူ -
- ယက္ကန်းယက်သူ -
- ပန်းဘဲ ပြုလုပ်သူ -
- ရေနံဖော်သူ -

Scanned by CamScanner

ကျန်းမာရေးအတွက် လုပ်ဆောင်ရန်

* ကျန်းမာရေးကျွမ်းကျင်ဝန်ထမ်း
* ဆေးခန်းဆောက်၊ ပြုပြင်
* ဆေးများလုံလောက်ရန်
* သားဖွားဆရာမ
* ကာကွယ်ဆေးများ

(..........................)

လူမှုရေးအတွက်လုပ်ဆောင်ရန်

* သက်ကြီးရွယ်အို(နွမ်းပါးသော)စောင့်ရှောက်ရေး
* သာရေး၊ နာရေးအတွက်
* မသန်စွမ်း (နွမ်းပါးသော)သူများစောင့်ရှောက်ရေး
* အသင်း၊ အဖွဲ့များဖွဲ့စည်းရေး
* အားကစားနှင့်ပတ်သက်သော
* အမျိုးသမီးများအသင်းအဖွဲ့

စီးပွားရေးအတွက်လုပ်ဆောင်ရန်

* ရင်းနှီးမတည်ငွေ(ချေးငွေ)၊ စိုက်၊မွေး အရောင်းဆိုင်စသဖြင့်
* ကုန်စည်ဒိုင်၊ အစုအဖွဲ့၊ အသင်းထောက်ခြင်း

ဆက်သွယ်၊ ပို့ဆောင်ရေးအတွက် လုပ်ဆောင်ရန်

* ဖုန်းကဒ်(၁ ကဒ်)
* တာဝါတိုင်

• လမ်း (ရွာအတွင်းပိုင်း ၊ ရွာချင်းဆက် ) → ကျောက်ကြမ်း / မြေနီခင် / ကတ္တရာ } လမ်းအသစ်ပြုပြင်

• တံတား (သစ်သား ၊ကွန်ကရစ် ၊ ဝါး ) → အသစ်ဆောက် / အဟောင်းပြုပြင်
( အရှည် ၊အမြင့် ၊အကျယ်)

• ရေစကျ် - (အရှည် ၊ အကျယ် ) → အသစ် / အဟောင်း

Scanned by CamScanner

စိုက်ပျိုးရေးအတွက် လုပ်ဆောင်ရန်

* ဆည်
* တံမံ
* ရေသွင်းမြောင်း
* မြေဆီလွှာထိမ်းသိမ်းခြင်း
* လယ်၊ ယာ၊ မြေ ဖော်ထုတ်ခြင်း
* ရွာပိုင်ထွန်စက်

မွေးမြူရေးအတွက် လုပ်ဆောင်ရန်

* စာကျက်မြေသတ်မှတ်ခြင်း
* ကာကွယ်၊ ကုသ၊ ပညာပေး

ပညာရေးအတွက်လုပ်ဆောင်ရန်

* ဆရာမ( ၉ )ဦး
* ကျောင်းပြုပြင်ခြင်း
  (တံတား၊ ကြမ်းခင်း . . . .စသဖြင့် ဖော်ပြရန်)
* ကျောင်းအသစ်ဆောက်ရန်
* ကျောင်းပရိဘောဂ
* (စာသင်ခုံ၊ သင်ပန်း၊ စသည်ဖြင့်)
* ကျောင်းအားကစားကွင်း
* မူကြိုကျောင်း
* စာကြည့်တိုက်ဆောက်၊ ပြုပြင်
  (စာအုပ်များ၊ အင်တာနက်နှင့် ကွန်ပျူတာစသည်ဖြင့်)
* ပညာရေးသင်ကြားတတ်မြောက်မှု့ အရည်အသွေးတိုးတက်လာရန်။

လျှပ်စစ်မီးအတွက်လုပ်ဆောင်ရန်

* KW အစိုးရလျှပ်စစ်မီး(၂ မိုင်အတွင်း)
* ဆိုလာလျှပ်စစ်မီး (၂၃၅)စုံ (၂ မိုင်အတွင်း)
* ရေအားလျှပ်စစ်မီး
* လေအားလျှပ်စစ်မီး
* ဆိုလာမီးဖို(ချက်ပြုတ်ရန်)

သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးအတွက်လုပ်ဆောင်ရန်

* သစ်တောများပြန်လည် စိုက်ပျိုးတည်ထောင်ခြင်း
* သစ်တောကြိုးဝိုင်းသတ်မှတ်ထိမ်းသိမ်းခြင်း
* အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း
* သစ်တောကာကွယ်ရေးဥပဒေထုတ်ပြန်သတ်မှတ်ပေးရန်

Scanned by CamScanner

ကျေးရွာရှမ်းဆောင်ရည်မြှင့်တင်ခြင်းအတွက်လုပ်ဆောင်ရန်

* သင်တန်း
* စိုက်ပျိုးရေး
* မွေးမြူရေး
* ကျန်းမာရေး
* စီးပွားရေး(ဈေးကွက်၊ စာရင်းအင်းစသဖြင့်)
* ကိုယ့်အားကိုယ်ကိုးအဖွဲ့ တည်ထောင်ခြင်း
* သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
* မြေဆီလွှာထိန်းသိမ်းရေး
* ကျေးရွာလူငယ်များ ဗဟုသုတနှင့် ခေါင်းဆောင်မှုစွမ်းရည်မြှင့် သင်တန်း
* အမျိုးသမီးများ အိမ်တွင်းမှု ပညာသင်တန်း
* အမျိုးသမီးနှင့် ကလေးသူငယ်များအား အကြမ်းဖက်မှုမှ လျှော့ချရေးဥပဒေရေးရာသင်တန်း
* အမျိုးသမီးများ ဦးဆောင်မှုစွမ်းရည်မြှင့်သင်တန်း
* သဘာဝဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးသင်တန်းနှင့် ကိရိယာများ
* အသက်မွေးဝမ်းကျောင်းသင်တန်းများ
  (စက်ချုပ်၊ စက်ပြင်၊ ဖုန်းပြင်၊ စက်ဘီးပြင်၊ ဂဟေဆော်လက်သမား၊ ပန်းရံလျှပ်စစ်ပစ္စည်းပြုပြင်၊ ဆာလိုး ပန်းထိုး..........)

အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ဒေသထွက်ကုန်တိုးမြှင့်ရေး

* တန်ကြည့်တောင်သစ်တောထိန်းသိမ်းရေး(စိမ်းလန်းစိုပြည်ရန် သစ်တောစိုက်ခြင်း)
* ဈော်ရည်စက်ရုံ( ဒီး၊ မန်ကျည်း)
* ဘိလပ်မြေစက်ရုံ

Scanned by CamScanner

# မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သဗွတ်အုပ်စု၊ သဗွတ်(န)ကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ



## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သဒွတ်အုပ်စု၊ သဒွတ်(န)ကျေးရွာ၏ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံအစီရင်ခံစာ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သဒွတ်အုပ်စု၊ သဒွတ်ကျေးရွာ(န)ရွာ၏ အိမ်ခြေပေါင်း (၅၇)အိမ်၊ နေထိုင်၍ လူဦးရေ(၂၈၇)ယောက်ရှိပါသည်။ ကျား(၁၅၇)ယောက်၊ မ(၁၃၀)ယောက်ရှိ၍ မိသားစု(၁၀)စုသည် မိဘတို့၏ အိမ်ဝန်းတွင်မှီခိုနေ၍ တဲအိမ်ဆောက်နေရပါသည်၊ အခြားမိသားစုများ တောနေအိမ်(၁၆)မိသားစု စုစုပေါင်း(၂၆)မိသားစုရှိ၍ အိမ်ဝန်းမြေပိုင်မရှိကြပါ။ အခြားနေမိသားစု တောနေ အိမ်မိသားစု(၁၆)မိသားစုမှာ လူဦး(၅၁)ယောက်ရှိပါသည်။ ကျား(၂၇)ဦး၊ မ(၂၄)ဦးရှိပါသည်။ အိမ်ခြေ ပေါင်း(၅၇)အိမ်မှ တောင်သူလုပ်ကိုင် သူ(၃၂)ဦးရှိပါသည်။ ကျပန်းလုပ်ငန်း လုပ်ကိုင်သူ(၂၅)ဦးရှိပါသည်။ သက်ကြီးဦးဆောင်သော မိသားစု(၉)ဦး ၊ သက်ကြီးဦးဆောင်သော မိသားစုကျပန်း(၄)ဦး ၊ ထန်းတက် သူ(၁)ဦးရှိပါသည်။ အမျိုးသမီးဦးဆောင်သော မိသားစု(၇)ဦးနှင့် အမျိုးသမီးဦးဆောင်သောကျပန်း(၁)ဦး ၊ ဘွဲ့ရသူမရှိပါ။ အထက်တန်းအောင်(၈)ဦးနှင့် အထက်တန်းနေသူ(၂၁)ဦးနှင့် အလယ်တန်း(၅၀)ဦး၊ မူလတန်းနေခဲ့သူ/နေသူ(၁၄၂)ဦး၊ ဘုန်းကြီးကျောင်းနေ (၂၁)ဦး၊ ပညာမတတ်သူ(၄)ဦးနှင့် အသုံးလုံး (၅) ဦးရှိပါသည်။ မသန်စွမ်းသူ(၄)ဦးမှ မ(၁)ဦးမှာခြေထောက် တစ်ဖက်အင်္ဂါမစုံ၊ မတစ်ဦးမှာ ခြေထောက် နစ်ဘက် အကြောမသန်၍ ကျား(၁)ဦးမှာ လက်တစ်ဖက်မစုံ၍ ကျားတစ်ဦးမှာ မွေးရာပါခြေထောက်နစ်ဖက် ခြေချောင်းမစုံခြေထောက်တစ်ဖက်ကဖယ်၍ ခြေထောက်တစ်ဖက်မှာအရိုးကွင်းနေသူဖြစ်ပါသည်။ အိမ်သာအသုံးပြုသောအိမ်မှာ(၃၀)အိမ်၊ အဖြစ်များသောရောဂါမှာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပါသည်။ ပန်းရံ၊ လက်သမား(၁)ဦးရှိ၍ ဈေးရောင်းသူ(၂)ဦးရှိ၍ ကုန်စုံဆိုင်အသေး(၂)ဆိုင် လည်းရှိပါသည်။ ပြည်တွင်းလုပ်ကိုင်သူ(၁၀၁)ဦးရှိ၍ ဦးဇင်း(၁)ပါး၊ သီလရှင်(၁)ပါးလည်းရှိပါသည်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သဒွတ်အုပ်စု၊ သဒွတ်ကျေးရွာ(န)ရွာ၏ မြေပုံဖြစ်သည်။ မြန်မာနိုင်ငံရှိ လှာတွန့်တောင်ကို တစ်ပိုင်းပြတ်နှင့်တူ၍ လယ်/ယာမြေများ ပတ်လည်၍ ဝိုင်းရံထားပါသည်။ သဒွတ်(န)ကျေးရွာ၏ တောင်ဘက်မှာ ယခင်ကဘုန်းတော်ကြီးကျောင်းပြတ်ဝန်းနှင့် မိုးကောင်းမြတ်စွာဘုရား စေတီလည်းတည်ရှိပါသည်။ စေတီ၏အနောက်ဘက်လမ်းအတိုင်းသွားလျှင် တောင်သို့(၄)ဖာလုံအကွာတွင် သဒွတ်ရွာပိုင်ဆည်ကြီးလည်း ရှိပါသည်။ ဆည်ကြီး၏ဘောင်အောက်တွင် ယခင်ကနွားလှည်းလမ်းရှိ၍ ယခုအခါ တွင်သွားလာ၍ မရတော့ပါ။ ဆည်ဘောင်ပေါ်အတိုင်းဆိုင်ကယ်၊ ကားဖြင့် နွားလှည်းများလည်း(၂၀၁၆)ခုနှစ် နောက်ပိုင်းမှသွားလာရပါသည်။ သဒွတ်(န)ရွာနှင့် သဒွတ်(ရ)ရွာဟူ၍ တစ်ရွာတည်းနာမည်တွင်နေပါသည်။ ကူသောလမ်းမှာ သဒွတ်(န)ရွာ၏ အရှေ့ဘက်တွင်ကပ်လျှက် မြေသားရေကန်တစ်ကန်တည်ရှိပါသည်။ ရေကန်ဘောင်ပေါ်တွင် နွားလှည်းလမ်းရှိပါသည်။ ဘာသာရေး၊ နာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် အခြားဝန်ဆောင်မှု အတွက် သွားလမ်းလည်းဖြစ်ပါသည်။ ရေကန်ဘောင်ပေါ်လမ်းမှာ မိုးရာသီကာလများတွင် နွားလှည်းများလည်း သွားလာ၍မရ၊ ဆိုင်ကယ်များလည်းသွားလာ၍ မရပါ။ သဒွတ်(န)ရွာ၏မြောက်ဘက်တွင် သုတ်တံတစ်ခုတည် ရှိပါသည်။ သုတ်သသန်၏အနောက်ဘက်လမ်းသည် ချောင်းမကျေးရွာသို့(၅)မိုင်ကွာဝေးပါသည်။ လမ်းမကောင်း၍ ခြေလျင်သွားရပါသည်။ သဒွတ်(ရ)ရွာနှင့် လယ်ကွက်/ရေကန်ခြားနား၍(၂)ဖာလုံခန့်ကွာဝေး၍ အရှေ့မြောက်ဘက် (ကျက်စားကျေးရွာ)တည်ရှိပါသည်။ (၄)မိုင်ကွာဝေးပါသည်။ သဒ္ဒတ်(န)ကျေးရွာ၏ အနောက်မြောက်

Scanned by CamScanner

ဘက်တွင် (ပျဥ်ဝင်းကျေးရွာ)တည်ရှိ၍ (၆)မိုင်ကွာဝေးပါသည်။ လူမှုရေး၊ စီးပွားရေး၊ သာရေးများရှိလျှင် ခြေလျင်သွားရပါသည်။ အနောက်ဘက်တွင်(ညောင်ပင်လယ်ကျေးရွာ) တည်ရှိ၍(၂)မိုင်ကွာဝေးပါသည်။ လူမှုရေး၊ စီးပွားရေးသာရေး၊ နာရေးရှိလျှင် ခြေလျင်သွားရပါသည်။ တောင်ဘက်သို့(ပေါက်ခေါင်းကျေးရွာ) တည်ရှိ၍(၂)မိုင် (ပေါက်ခေါင်းကျေးရွာ)မှ တဆင့်(ဗဟင်းကျေးရွာ)(၂)မိုင် ကွာဝေး၍ ဗဟင်းနှင့်မြိုင်သို့ (၁၆)မိုင် မြိုင်မြို့နှင့်(၂၇)မိုင်ကွာဝေးသော ပခုက္ကူမြို့သို့သွားရပါသည်။ သဒ္ဒတ်(န)ကျေးရွာရှိ လူအများစုမှာ ဝန်ဆောင်မှု နှင့်အခွင့်အလမ်းမှာ ပေါက်ခေါင်းကျေးရွာလမ်းအတိုင်း၊ဗဟင်း၊ မြိုင်မြို့၊ ပခုက္ကူ၊ မန္တလေး၊ ပြည်တွင်း၊ ပြည်ပ သွားသောလမ်းဖြစ်ပါသည်။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်၊ သာရေး၊ နာရေး ကိစ္စများကိုအသွားများသောလမ်းဖြစ်ပါသည်။ ကျန်းမာရေး ထိခိုက်လျှင် (၄)မိုင်ကွာဝေးသော ဗဟင်းတိုက်နယ် ရှိဆေးရုံသို့နွားလှည်းဖြင့်လည်းကောင်း၊ ဆောင်းရာသီ၊ နွေရာသီလများတွင် နစ်ရွာပိုင် "ပရဟိတ" အသင်း ကားဖြင့်သွားပါသည်။ ကားလမ်းမကောင်းခြင်းကြောင့် သဒ္ဒတ်အရှေ့ဘက်ရွာသို့ နွားလှည်းဖြင့်ပို့ပေးရပါသည်။ နိုင်ငံတော်မှချပေးသောငွေများ (၂၅၀၀၀၀ဝိ/)သိန်းကျပ်လမ်းခင်းရန်အတွက် ပေးသော်လည်း(သဒ္ဒတ်(န)ကျေးရွာ)မရရှိခဲ့ပါ။ သဒ္ဒတ်အရှေ့ဘက်ရွာနှင့် ပေါက်ခေါင်းကျေးရွာကူးသောလမ်း သာပြင်ပေးပါသည်။ (သဒ္ဒတ်(န)ကျေးရွာ)မှရွာသူရွာသားများကို ထောက်ကူမှုမရရှိခြင်း၊ နိုင်ငံတော်အစိုးရအဖွဲ့ မှ(၂၀၁၅.၁၂.၃၀)ရက်မှ မြို့နယ်သို့ဦးတိုက်သွားရောက်၍ တင်ပြခဲ့သော်(၁၂.၆.၂၀၁၆)နေ့မှာကျပ်ငွေသိန်း (၅၀၀၀၀၀ဝိ/) ငါးဆယ်သိန်း ဒုတိယအကြိမ် ချပေးခဲ့သော်လည်း ယခင်လမ်းအတိုင်းဆက်လက်ပြုပြင်ခဲ့ပါ သည်။ သဒ္ဒတ်(န)ကျေးရွာသည် နွံ့ဘွက်နှင့် ရုံးကန်၍သွားရပါသည်။ နိုင်ငံတော်အစိုးရအဖွဲ့မှ ထောက်ပံ့ကူညီ မှု့တစ်ခုမှမရရှိခဲ့ကြောင်း အတိအလင်းတင်ပြလိုက်ပါသည်။

ပညာရေးမှာလည်း စာသင်ကျောင်းမရှိသည့်အတွက် မူကြိုကလေးများ၊ Kg ကလေးများ၊ မူလတန်းနေ ကလေးများ ၊ အလယ်တန်းနေကလေးများသည် သဒ္ဒတ်(ရ)ကျေးရွာရှိ စာသင်ကျောင်းသို့ ပညာသင်ယူရပါသည်။ အထက်တန်းကျောင်းကို(ဗဟင်းကျေးရွာ) ၊ မြိုင်မြို့သို့ သွားရောက်၍သင်ယူရပါသည်။ တက္ကသိုလ်ကျောင်း တက်သူများမှာ(၄၇)မိုင်ကွာဝေးသော ပခုက္ကူမြို့သို့ သွားရောက်သင်ယူရပါသည်။ တောင်သူလယ်သမားကြီး များသည်လည်း မိုးခေါင်မိုးနည်းခဲ့သောကြောင့် တောင်သူတွေ အရှုံးနှင့်ရင်ဆိုင်ရပါသည်။ ပြည်တွင်းသို့သွား ရောက်၍အလုပ်သွားလုပ်နေရပါသည်။ ဖားကန့်သို့ သွားသောလူငယ်များ၊ လူလတ်များမှ ငွေကြေးအနည်းငယ် အဆင်ပြေသောအခါတွင် လူအများစုမှာ ယခုအခါတွင် သွပ်မိုးအိမ်၊ သွပ်မိုးအုပ်တက်အိမ်နှင့် ဝါးကပ်မိုးအိမ်တို့ ရှိပါသည်။ ယခင်ကအိမ်အားလုံးမှာ ဝါးကပ်မိုး၊ ဝါးကပ်ကာဖြင့်နေကြရပါသည်။ (၂၀၁၄-၂၀၁၅-၂၀၁၆)ထိ သွပ်မိုးအိမ်အဖြစ် ပြောင်းလဲသွားရပါသည်။ မပြောင်းလဲသောဝါးကပ်မိုးအိမ်တစ်ချို့လည်း ရှိပါသည်။ ယခုအခါတွင် လမ်းကောင်းခြင်း၊ ဘုန်းကြီးကျောင်းမရှိခြင်း၊ စာသင်ကျောင်းမရှိခြင်း၊ ဆေးပေးခန်းမရှိခြင်း၊ အားကစားကွင်းမရှိခြင်း၊ စာကြည့်တိုက်မရှိခြင်း ဘက်ပေါင်းစုံလိုအပ်လျှက်ရှိနေပါသေးသည်။ နိုင်ငံတော် အစိုးရအဖွဲ့မှ ကူညီထောက်ပံ့မှု လိုအပ်လျက်ရှိကြောင်း သဒ္ဒတ်(န)ကျေးရွာ လူမှုရေးကိစ္စများကို လမ်းမကောင်းသောကြောင့် လူမှုရေးနိမ့်ကြလာခဲ့ပါသည်။ သာရေး၊ နာရေး ကိစ္စများတွင်လည်း အချိန်မှီ မရောက်ရှိမသွားနိုင်ခြင်းကြောင့် လူမှုရေးမှာများစွာနိမ့်ကြခဲ့ပါသည်။ ပညာရေးမှာလည်း အခက်အခဲပေါင်းစုံ နှင့် ရင်ဆိုင်နေရသောကြောင့် ပညာတက်မြောက်မှု့ အလွန့်လွန်နည်းပါးလာပါသည်။ စီးပွားရေးအခြေအနေ

Scanned by CamScanner

မြို့နယ်ရွာများနှင့် နိုင်ငံပေါင်းစုံရှိ အလှူရှင်ရှိကြပါသည်။ မိုးနည်းရေပ်ဝန်းဒေသအနေနှင့် စပါးများနှစ်စဉ် နှစ်တိုင်း ရေရှိကိုမသေချာနိုင်ပေ၊ မိုးလေဝသမှန်ကန်မှသာ စပါးများရရှိကြပါသည်။

(သမ္ဘဝိကျေးရွာ(နှ) )ရွာသူ/ရွာသားများသည် မိုးတွင်းကာလတွင် ဆက်သွယ်ရေးလမ်းမကောင်း သောကြောင့်မည်သည့်ကျေးရွာသို့ အလွယ်တကူမသွားလာနိုင်ပေ။ ဥပမာ၊ ။မြို့ရှင် ကြက်မွေးမြူရေးခြံ ထဲမှာ နိုင်ငံကြက်များနှင့်တူညီပါသည်။ အရပ်မျက်နှာကိုသာမြင်ရသော်လည်းသွားချင်၍မရပါ။ အစိုးရအဖွဲ့မှ ကူညီလိုက်ပေါ်ကြောင်း၊ အသင်းအဖွဲ့အစာလှူပေါင်းကူညီကြပါရန်၊ ကုမ္ပဏီအဖွဲ့အသင်းများမှ ကူညီပေး ကြပါရန် သိစေရန် အသိပေးတင်ပြလိုက်ပါသည်။

မှတ်တမ်းတင်ရေးသူ ဦးချစ်ဆန်း

လက်မှတ်။ ။

ဦးဆောင်သူ။ ဦးချစ်ဆန်း

လက်မှတ်။

Scanned by CamScanner

အစည်းအဝေးမှတ်တမ်း

နေရာ။ ။မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သဒ္ဒွတ်အုပ်စု၊ သဒ္ဒွတ်(န)ကျေးရွာ

အစည်းအဝေးပြုလုပ်ခြင်း၏ ရည်ရွယ်ချက်။ ။လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံနှင့် ရှင်းလင်းချက်

နေ့စွဲ၊ (၂၅.၁၂.၂၀၁၇) အစည်းအဝေးစတင်ချိန် နေ့လည်(၁)နာရီ

အစည်းဝေးကျင်းပသည့်နေရာ-ဦးချစ်ဆန်းအိမ် အစည်းအဝေးပြီးဆုံးချိန် ညနေ(၅း၃၀)နာရီ

ပံ့ပိုးသူ၏အမည် - ဦးညိုကြည် အစည်းအဝေးကြာချိန် (၄း၃၀)နာရီ

ဆွေးနွေးသည့်အကြောင်းအရာများ -

Scanned by CamScanner

အစည်းအဝေးတက်ရောက်သူစာရင်း

| စဉ် | အမည် | လက်မှတ် |
|---|---|---|
| ၁။ | ဦးဝင်းမောင် | |
| ၂။ | ဦးလှရွှေ | |
| ၃။ | ဦးညိုကြည် | |
| ၄။ | ဦးမြင့်လွင် | |
| ၅။ | ဦးတင် | |
| ၆။ | ဦးမိုးစု | |
| ၇။ | ဦးတင်ဝင်း | |
| ၈။ | ဦးမိုးကြွယ် | |
| ၉။ | ဦးအောင်ဝင်း | |
| ၁၀။ | ဦးစံဖြိုး | |
| ၁၁။ | ဦးမြင့်လှိုင် | |
| ၁၂။ | ဦးဆယ်ခင် | |
| ၁၃။ | ဦးကျော်မြင့်ဝင်း | |
| ၁၄။ | ဦးသာဦး | |
| ၁၅။ | ဦးကြင် | |
| ၁၆။ | ဦးစိန်လေး | |
| ၁၇။ | ဦးခင်မောင်မြင့် | |

| စဉ် | အမည် | လက်မှတ် |
|---|---|---|
| ၁။ | ဒေါ်သိန်းထိုက် | |
| ၂။ | ဒေါ်သန်းမြ | |
| ၃။ | ဒေါ်ခင်မာမြင့် | |
| ၄။ | ဒေါ်မြင့်သန်း | |
| ၅။ | ဒေါ်ကြင်စန်း | |
| ၆။ | ဒေါ်ရှုမာနိုင် | |
| ၇။ | ဒေါ်ရွှေရွှေ | |
| ၈။ | ဒေါ်ဝင်း | |
| ၉။ | ဒေါ်စန်းအေး | |
| ၁၀။ | ဒေါ်ညိုမြ | |
| ၁၁။ | ဒေါ်ခင်စိန် | |
| ၁၂။ | ဒေါ်ထူး | |
| ၁၃။ | ဒေါ်သိန်းမြင့် | |

မှတ်တမ်းလိုက်သူအမည်

ဦးချစ်ဆန်း


ရပ်မိ/ရပ်ဖ ခေါင်းဆောင်အမည်

ဦးချစ်ဆန်း

Scanned by CamScanner

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သဗွတ်အုပ်စု၊ သဗွတ်(န)ကျေးရွာ၏

## ရာသီခွင်ပြဇယား




Scanned by CamScanner

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သဗွတ်အုပ်စု၊ သဗွတ်(န)ကျေးရွာ၏

## ရာသီခွင်ပြဇယားအစီရင်ခံစာ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သဗွတ်အုပ်စု၊ သဗွတ်ကျေးရွာ(န)၏ ရာသီခွင်ပြဇယားမှာ တန်ခူးလမှာဆိုရင်ဖြင့် နေပူချိန်ပြင်းပြီး မိုးရွာသွန်းမှုမရှိပါ။ စိုက်ပျိုးရေးမှာဆိုရင်ဖြင့် တောင်သူဦးကြီးများ ထွန်းထယ်များပြင်ဆင်နေပါသည်။ ကျန်းမာရေးမှာဆိုရင်ဖြင့် ဝမ်းပျက်ဝမ်းလျှော ရောဂါများဖြစ်ပါသည်။ ပညာရေးဆိုရင်ဖြင့် ကျောင်းများလည်းပိတ်ထားပါသည်။ ပွဲတော်များမှာဆိုရင်ဖြင့် သင်္ကြန်ပွဲတော်ကို ပျော်ပျော်ပါးပါးဆင်နွဲကြပါသည်။ ရွှေ့ပြောင်းလုပ်သားများမရှိပါ။ တောင်သူဝင်ငွေမှာမရှိပါ။ တောင်သူထွက်ငွေမှာ(၇၀၀၀၀/-)ကျပ်ရှိပါသည်။ နေ့စားဝင်ငွေမှာလည်းမရှိပါ။ နေ့စားထွက်ငွေမှာဆိုရင်ဖြင့် (၅၅၀၀၀/-)ကျပ် ရှိပါသည်။ ဝမ်းစာဖူလုံမှုမှာဆိုရင်ဖြင့် တောင်သူဦးကြီးများမှာ ဖူလုံပြီး၊ နေ့စားတွေမှာ ဖူလုံမှု မရှိပါ။ ရေရရှိမှု လုံလောက်ခြင်းမရှိပါ။

ကဆုန်လမှာဆိုရင်ဖြင့်နေပူချိန်ပျင်း၍ မိုးရွာသွန်းမှုများလည်းရှိပါသည်။ တောင်သူဦးကြီးများလည်း စိုက်ပျိုးရေးမှာ နမ်းပဲစိမ်းငုန်များ စတင်၍စိုက်ပျိုးပါသည်။ ကျန်းမာရေးမှာဆိုရင်ဖြင့် မကြာခဏ ဝမ်းပျက်ဝမ်းရောဂါများ ဖြစ်ပါသည်။ ပညာရေးမှာဆိုရင်ဖြင့် ကျောင်းများပိတ်ထား၍ ပွဲတော်များလည်းမရှိပါ၊ ရွှေ့ပြောင်း လုပ်သားများလည်းမရှိပါ၊ တောင်သူဦးကြီးတွေ ဝင်ငွေမရှိပါ၊ တောင်သူထွက်ငွေမှာဆိုရင်ဖြင့် (၆၅၀၀၀/-)ကျပ် ရှိပါသည်။ နေ့စားဝင်ငွေမှာလည်း (၁၅၀၀၀/-)ကျပ်ရှိပါသည်၊ နေ့စားထွက်ငွေမှာတော့ (၅၅၀၀၀/-)ကျပ်ရှိပါသည်။ ဝမ်းစာဖူလုံမှုမှာဆိုရင်ဖြင့် တောင်သူဦးကြီးများမှာ ဖူလုံမှုရှိပြီး၊ နေ့စားတွေမှာ ဆိုရင်တော့ဝမ်းစာဖူလုံမှု အနည်း ငယ်သာရှိပါသည်။ ရေရရှိမှုမှာ လုံလောက်မှုမရှိပါ။

နယုန်လမှာဆိုရင်ဖြင့် နေပူချိန်အသင့်သင့်ရှိပြီး မိုးရွာသွန်းမှုမှာလည်း အသင့်အတင့် ရှိပါသည်၊ စိုက်ပျိုးရေးမှာဆိုရင်ဖြင့် နမ်းပင်ပေါက်များလုပ၍ ပဲစိမ်းငုန်းပင်ပေါက်များလည်း လုပနေပါသည်၊ ကျန်းမာရေးမှာဆိုရင်တော့ ကလေးငယ်များမှာ သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားလေ့ရှိပါသည်၊ ပညာရေးမှာဆိုရင်ဖြင့် ကျောင်းများလည်းစတင်ဖွင့်ပါသည်။ ပွဲတော်များမရှိပါ ရွှေ့ပြောင်းလုပ်သားများလည်းမရှိပါ၊ တောင်သူဝင်ငွေ လည်းမရှိပါ၊ တောင်သူထွက်ငွေမှာဆိုရင်ဖြင့် (၈၀၀၀၀/-)ကျပ်ရှိပါသည်၊ နေ့စားဝင်ငွေမှာ(၂၅၀၀၀/-)ကျပ်ရှိပြီး နေ့စားထွက်ငွေမှာတော့ (၆၀၀၀၀/-)ကျပ်ရှိပါသည်၊ ဝမ်းစာဖူလုံမှုမှာ တောင်သူများမှာ ပြည့်ဝမှုရှိပြီး၊ နေ့စား တွေမှာတော့အနည်းငယ်သာရှိပါသည်၊ ရေရရှိမှုလည်း အနည်းငယ် မျှသာရှိပါသည်၊

ဝါဆိုလမှာနေပူချိန်အသင့်အတင့်ရှိ၍ မိုးရွာသွန်းမှုလည်း အသင့်အတင့်ရှိပါသည်၊ စိုက်ပျိုးရေးမှာဆိုရင်ဖြင့် နမ်းမှာရိတ်သိမ်း၍ကောက်ခြောက်များလည်း စိုက်ပျိုးနေပါသည်၊ ကျန်းမာရေးမှာ ဆိုရင်ဖြင့် ကလေးငယ်များမှာ မကြာခဏသွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပါသည်၊ ပညာရေးမှာဆိုရင်ဖြင့် ကျောင်းများ ဖွင့်လှစ်၍ပွဲတော်များမှာ ဝါဆိုသင်္ကန်းများ ကပ်လှူကြပါသည်၊ ရွှေ့ပြောင်းလုပ်သားများမရှိပါ၊ တောင်သူဝင်ငွေ မရှိပါ၊ တောင်သူထွက်ငွေမှာတော့ (၁၀၀၀၀၀/-)ကျပ်ရှိပါသည်၊ နေ့စားဝင်ငွေမှာ (၃၅၀၀၀/-)ကျပ်ဖြစ်ပြီး၊ နေ့စား ထွက်ငွေမှာတော့(၆၅၀၀၀/-)ကျပ်ရှိပါသည်၊ ဝမ်းစာဖူလုံမှုမှာ တောင်သူဦးကြီးများ ဖူလုံ၍နေ့စားတွေမှာတော့ အနည်းငယ်သာဖူလုံမှုရှိပါသည်။ ရေရရှိမှုမှာလည်း ပြည့်ဝမှုမရှိပါ။

Scanned by CamScanner

ဝါခေါင်လမှာနေပူချိန်အသင့်အတင့်ရှိပြီး မိုးရွာသွန်းမှုမှာ များပါသည်။ စိုက်ပျိုးရေးမှာဆိုရင်ဖြင့် ကောက်ပင်လှုပ၍ ကျန်းမာရေးမှာ ကလေးငယ်များမကြာခဏ သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်တတ်ပါသည်။ ပညာရေးမှာဆိုရင်ဖြင့် ကျောင်းသားပထမအစမ်းစာမေးပွဲ ဖြေဆိုနေပါသည်။ ပွဲတော်များမှာ မိုးကောင်းဘုရားပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာကျင်းပကြပါသည်။ ရွှေ့ပြောင်းလုပ်သားများ မရှိပါ။ တောင်သူဝင်ငွေမှာတော့(၁၅၀၀၀၀ဝိ/)ကျပ်သာရှိပါသည်။ တောင်သူထွက်ငွေမှာလည်း(၁၂၀၀၀ဝိ/)ကျပ်ရှိပါသည်။ နေ့စားဝင်ငွေမှာ (၃၅၀၀ဝိ/)ကျပ်ရှိပြီး၊ နေ့စားထွက်ငွေမှာလည်း (၇၀၀၀ဝိ/)ကျပ်ရှိပါသည်။ ဝမ်းစာ ဖူလုံမှုမှာ တောင်သူများသာဖူလုံမှုရှိပြီး နေ့စားတွေမှာတော့ ဖူလုံမှုအနည်းငယ်သာရှိပါသည်။ ရေရရှိမှုမှာတော့ အပြည့်အဝရှိပါသည်။

တော်သလင်းလမှာ နေပူချိန် တော်သလင်းနေ ပုဇွန်သေဆိုရိုးစကားရှိသည်နှင့်အညီပူပြင်းပါသည်။ မိုးရွာချိန်မှာရွာသွန်းမှုများတတ်ပါသည်။ စိုက်ပျိုးရေးမှာဆိုရင်ဖြင့် စပါးပင်များကို ထွန်းဖြင့်မှုံးကြပါသည်။ ကျန်းမာရေးမှာဆိုရင်ဖြင့် ကောင်းမွန်ပါသည်။ ပညာရေးမှာလည်း ကျောင်းများဖွင့်လှစ်ထားပါသည်။ ပွဲတော်များမရှိပါ၊ ရွှေ့ပြောင်းလုပ်သားများလည်းမရှိပါ၊ တောင်သူဝင်ငွေမှာလည်းမရှိပါ၊ တောင်သူထွက်ငွေမှာတော့(၁၀၀၀၀၀ဝိ/)ကျပ်ရှိပါသည်။ နေ့စားဝင်ငွေမှာ (၃၅၀၀ဝိ/)ကျပ်ရှိပြီး၊ နေ့စားထွက်ငွေမှာ (၅၅၀၀ဝိ/)ကျပ် ရှိပါသည်။ ဝမ်းစာဖူလုံမှုမှာလည်း တောင်သူဦးကြီးများ ဖူလုံပြီး၊ နေ့စားတွေမှာတော့ဖူလုံခြင်းမရှိပါ။ ရေရရှိမှုမှာ ဆိုရင်ဖြင့်အပြည့်အဝ ရှိပါသည်။

သီတင်းကျွတ်လမှာဆိုရင်ဖြင့် နေပူချိန်နည်း၍ မိုးရွာသွန်းမှုမှာလည်း အနည်းငယ်သာရှိပါသည်။ စိုက်ပျိုးရေးမှာဆိုရင်ဖြင့် တောင်သူဦးကြီးများ ကုလားပဲစိုက်ပျိုးနေပါသည်။ ကျန်းမာရေးမှာလည်း အအေးမိ၍ချောင်းဆိုးရောဂါများ ဖြစ်တတ်ပါသည်။ ပညာရေးမှာဆိုရင်တော့ ကျောင်းများခေတ္တပိတ်၍ ပွဲတော်များမှာ မီးထွန်းပွဲတော်ရှိပါသည်။ ရွှေ့ပြောင်းလုပ်သားများ ပြည်တွင်းမှာသွားရောက် လုပ်ကိုင်ကြပါသည်။ တောင်သူ ဝင်ငွေမရှိပါ၊ တောင်သူထွက်ငွေမှာတော့ (၁၇၀၀၀ဝိ/)ကျပ်ရှိပါသည်။ နေ့စားဝင်ငွေမှာလည်း (၃၅၀၀ဝိ/)ကျပ် ရှိပြီး၊ နေ့စားထွက်ငွေမှာ (၇၅၀၀ဝိ/)ကျပ်ရှိပါသည်။ ဝမ်းစာဖူလုံမှုမှာ တောင်သူတွေမှာတော့ ဖူလုံမှုရှိပြီး၊ နေ့စား တွေမှာတော့ဖူလုံမှုမရှိပါ။ ရေရရှိမှုမှာ အပြည့်အဝရှိပါသည်။

တန်ဆောင်မုန်းလမှာ နေပူချိန်အနည်းငယ်ပူ၍ မိုးရွာသွန်းမှုမှာလည်း အနည်းငယ်သာရှိပါသည်။ စိုက်ပျိုးရေးမှာဆိုရင်ဖြင့် စပါးများရိတ်သိမ်း၍ ကျန်းမာရေးမှာဆိုရင်ဖြင့် အအေးမိ၍ ခေါင်းမူး၊ ခေါင်းကိုက်ရောဂါ များမကြာခဏ ဖြစ်တတ်ပါသည်။ ပညာရေးမှာဆိုရင်ဖြင့် ဒုတိယ စာမေးပွဲဖြေဆိုနေပါသည်။ ပွဲတော်များမှာ ဆိုရင်ဖြင့်ကထိန်သင်္ကန်းကပ်လှူကြပါသည်။ ရွှေ့ပြောင်းလုပ်သားများမှာ ပြည်တွင်းသို့ သွားရောက်လုပ်ကိုင် ကြပါသည်။ တောင်သူဝင်ငွေမရှိပါ၊ တောင်သူထွက်ငွေမှာဆိုရင်ဖြင့် (၁၇၀၀၀ဝိ/) ကျပ်ရှိပါသည်။ နေ့စားဝင်ငွေ မှာ(၃၅၀၀ဝိ/)ကျပ်ရှိပြီး နေ့စားထွက်ငွေမှာ ဘုရားပွဲ၊ကျောင်းပွဲ၊ အလှူပွဲ၊ မင်္ဂလာပွဲ၊ နာရေးပွဲတွေနဲ့ဆိုတော့ နေ့စားထွက်ငွေမှာ(၇၀၀၀ဝိ/)ကျပ်ရှိပါသည်။ ဝမ်းစာဖူလုံမှုမှာလည်း တောင်သူတွေမှာတော့ ဖူလုံမှုရှိပြီး၊ နေ့စား တွေမှာဖူလုံမှုမရှိပါ။ ရေရရှိမှုမှာလည်း အပြည့်အဝရှိပါသည်။

နတ်တော်လမှာဆိုရင်ဖြင့် နေပူချိန်နည်း၍ မိုးရွာသွန်းမှုမရှိပါ။ ချမ်းအေးသောအချိန်ဖြစ်ပါသည်။ စိုက်ပျိုးရေးမှာဆိုရင်ဖြင့် စပါးများရိတ်သိမ်း၍ အိပ်ထဲထည့်နေပါသည်။ ကျန်းမာရေးမှာဆိုရင်ဖြင့် အအေးမိ၍ ခေါင်းမူးခေါင်းကိုက်များမကြာခဏဖြစ်ပါသည်။ ပညာရေးမှာ ကျောင်းများလည်း ဖွင့်လှစ်နေပါသည်။ ပွဲတော် များမရှိပါ။ ရွှေ့ပြောင်းလုပ်သားများ ပြည်တွင်းသို့သွားရောက်လုပ်ကိုင်ကြပါသည်။

Scanned by CamScanner

တောင်သူဝင်ငွေမှာလည်း မရှိပါ။ တောင်သူထွက်ငွေမှာတော့ အလှူပွဲ၊ မင်္ဂလာပွဲ၊ သာရေးနာရေး တွေနဲ့ဆိုတော့ ထွက်ငွေမှာ(၁၇၀၀၀၀ိ/) ကျပ်ရှိပါသည်။ နေ့စားဝင်ငွေမှာ(၃၅၀၀၀ိ/)ကျပ်ရှိပြီး၊ နေ့စား ထွက်ငွေမှာလည်း လူမှုရေးကိစ္စတွေနဲ့ဆိုတော့ (၇၀၀၀၀ိ/)ကျပ်ရှိပါသည်။ ဝမ်းစာဖူလုံမှုမှာ တောင်သူတွေ မှာတော့ ဖူလုံမှုရှိပြီး၊ နေ့စားတွေမှာလုံလောက်မှု မရှိပါ။ ရေရရှိမှုမှာဆိုရင်ဖြင့် အပြည့်အဝရှိပါသည်။

ပြာသိုလမှာဆိုရင်ဖြင့် နေပူချိန်မရှိပါ။ မိုးရွာသွန်းမှုလည်းမရှိ၍ ချမ်းအေးပါသည်။ စိုက်ပျိုးရေးမှာ ဆိုရင်ဖြင့်စပါးများအိမ်တို့ရောက်ရှိနေပါသည်။ ကျန်းမာရေးမှာအအေးမိ၍ နာစေးချောင်းဆိုးရောဂါများ မကြာခဏဖြစ်တတ်ပါသည်။ ပညာရေးမှာဆိုရင်ဖြင့် အတန်းတင်စာမေးပွဲဖြေဆိုရန် ကျောင်းသားများ ပြင်ဆင် နေပါသည်။ ပွဲတော်များလည်းမရှိပါ၊ ရွှေ့ပြောင်းလုပ်သားများ ပြည်တွင်းသို့ သွားရောက်လုပ်ကိုင် ကြပါသည်။ တောင်သူဝင်ငွေမရှိပါ၊ တောင်သူထွက်ငွေမှာတော့(၁၅၀၀၀၀ိ/)ကျပ်ရှိပါသည်။ နေ့စားဝင်ငွေ မှာ (၃၅၀၀၀ိ/)ကျပ်ရှိပြီး အလှူပွဲ၊ မင်္ဂလာပွဲ၊ သာရေး၊ နာရေးတွေနဲ့ဆိုတော့ နေ့စားထွက်ငွေမှာ (၇၀၀၀၀ိ/) ကျပ်ရှိပါသည်၊ ဝမ်းစာဖူလုံမှုမှာလည်း တောင်သူတွေမှာတော့ဖူလုံမှုရှိပြီး နေ့စားတွေမှာဖူလုံမှုမရှိပါ။ ရေရရှိမှုမှာလည်း အပြည့်အဝရှိပါသည်။

တပို့တွဲလမှာနေပူချိန်နည်း၍ မိုးရွာသွန်းမှုမှာလည်းမရှိပါ။ ချမ်းအေးသောလဖြစ်ပါသည်။ စိုက်ပျိုး ရေးမှာဆိုရင်ဖြင့် ကုလားပဲ၊ ပဲစိမ်းငုံများရိတ်သိမ်း၍ ကျန်းမာရေးမှာ ဆိုရင်ဖြင့် ကောင်းမွန်ပါသည်။ ပညာရေးမှာ ဆိုရင်လည်းကျောင်းသားများ အတန်းတင်စာမေးပွဲဖြေဆို၍ ပွဲတော်များမှာ ထမနဲပွဲရှိပါသည်။ ရွှေ့ပြောင်း လုပ်သားများပြည်တွင်းမှာ သွားရောက်လုပ်ကိုင်ကြပါသည်။ တောင်သူဝင်ငွေမရှိပါ၊ တောင်သူ ထွက်ငွေမှာ တော့(၁၇၀၀၀၀ိ/)ကျပ်ရှိပါသည်။ နေ့စားဝင်ငွေမှာ(၃၅၀၀၀ိ/)ကျပ်ရှိ၍ နေ့စားထွက်ငွေမှာ (၇၀၀၀၀ိ/)ကျပ် ရှိပါသည်။ ဝမ်းစာဖူလုံမှုမှာ တောင်သူမှာ အပြည့်အဝရှိပြီး နေ့စားတွေမှာတော့ အသင့် အတင့်ရှိပါသည်။ ရေရရှိမှုမှာတော့အနည်းငယ်သာ ရှိပါသည်။

တပေါင်းလမှာ နေပူချိန်အပြင်းဆုံးဖြစ်၍ မိုးရွာသွန်းမှုလုံးဝမရှိပါ။ စိုက်ပျိုးရေးမှာလည်း တောင်သူ ထွက်ကုန်တွေကို(၄၇)မိုင်ဝေးကွာသော ပခုက္ကူသို့ကားဖြင့်သွားရောက်ရောင်းချပါသည်။ ကျန်းမာရေး မှာတော့ သန့်ရှင်းသောသောက်သုံးရေလုံလောက်မှုမရှိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားပါသည်။ ပညာရေးမှာ ကျောင်းများပိတ်ထားပါသည်။ ပွဲတော်များမှာဆိုရင်ဖြင့်မရှိပါ၊ ရွှေ့ပြောင်း လုပ်သားများပြည်တွင်း မှာရွာကိုပြန်လာကြပါသည်။ တောင်သူဝင်ငွေမှာ(၅၀၀၀၀၀ိ/)ကျပ်ရှိပါသည်။ တောင်သူထွက်ငွေ မှာတော့ (၇၀၀၀၀ိ/)ကျပ်သာရှိပါသည်။ နေ့စားဝင်ငွေမရှိပါ၊ နေ့စားထွက်ငွေမှာတော့ (၅၀၀၀၀ိ/)ကျပ်ရှိပါသည်။ ဝမ်းစာ ဖူလုံမှုမှာအပြည့်အဝရှိပါသည်။ ရေရရှိမှုမှာတော့ သန့်ရှင်းသော သောက်ရေသုံးရေ လုံလောက်မှုလုံးဝမရှိပါ။

တန်ခူးလမှ တပေါင်းလအထိ တောင်သူဝင်ငွေများမှာ (၆၅၀၀၀၀ိ)ကျပ်ဖြစ်ပါသည်။ တောင်သူ ထွက်ငွေများမှာ (၁၄၃၅၀၀၀ိ)ကျပ်ဖြစ်ပါသည်။ တစ်နှစ်တာအတွင်းတွင် မလုံလောက်သောငွေသည် (၇၈၅၀၀၀ိ)ကျပ် အကြွေးတင်၍ ငွေတိုး ၊ ချေးတင်ပါသည်။ ငွေတိုးချေးများကို ပြန်လည်ပေးဆပ်နိုင်ရန် **ပြည်တွင်းအလုပ်အကိုင် ရှိရာဖားကန့်မြို့သို့သွားရောက်၍ ကုမ္ပဏီထံအလုပ်သွားလုပ်ရပါသည်။** အလုပ် အကိုင်၏ ရရှိသောငွေကြေးများ ကိုပြန်လည်လွှဲပြောင်းပေးအပ်၍ အကြွေးဆပ်ရပါသည်။ နေ့စားဝင်ငွေမှာ တန်ခူးလမှ တပေါင်းထိနေ့စား ဝင်ငွေစုစုပေါင်းမှာ(၃၂၀၀၀၀ိ/)ကျပ်ရှိပါသည်။ နေ့စားထွက်ငွေမှာ တန်ခူးလမှတပေါင်းထိ ထွက်ငွေစုစုပေါင်းမှာ (၇၆၅၀၀၀ိ/)ကျပ်ဖြစ်ပါသည်။ နေ့စားသမားများ (၄၄၅၀၀၀ိ/)

Scanned by CamScanner

ကျပ် အကြွေးတင်၍ အတိုးများဖြင့်သတ်မှတ် ထားခဲ့ရပါသည်။ အတိုး/အရင်းပြန်လည်ပေးဆပ်နိုင်ရန် ပြည်တွင်းသို့သွားရောက်အလုပ်လုပ်ကြပါသည်။ လုပ်အားခမှရရှိသောငွေများကို အတိုး/အရင်းဆပ်ခဲ့သော်လည်း ငွေကြေးကျေပွန်စွာ မဆပ်နိုင်သဖြင့် အကြွေး သံသရာလည်ခဲ့ပါသည်။

တောင်သူလယ်သမားဦးကြီးများသည် ဝမ်းစာဖူလုံမှုမှာ မရှိပါ။ ရေရရှိမှုများလည်း ဖူလုံမှုမရှိပါ။ နေ့စားသမားများမှာဝမ်းစာဖူလုံမှုမှာ မလုံလောက်သောကြောင့်၊ ရေရှိမှုများမှာလည်း ဖူလုံမှုမရှိခဲ့ပါ။ ဒါကြောင့် ကျေးရွာမှာလူငယ်၊ လူလတ်၊ လူကြီးများလည်း ဆင်းရဲသောလုပ်ငန်းခွင်နှင့် အသက်မွေးကြရပါသည်။ လူငယ်၊ လူလတ် များပြည်တွင်းအလုပ်ကို ဦးစားပေး၍ အလုပ်လုပ်ကြရပါသည်။ မိမိတို့၏ ကျေးရွာတွင် မိသားစုနှင့်ဝေးကွာသော ဖားကန့်မြို့သို့ သွား၍အလုပ်လုပ်ကြရပါသည်။

Scanned by CamScanner

အစည်းအဝေးမှတ်တမ်း

နေရာ။ ။မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သဒ္ဒတ်အုပ်စု၊ သဒ္ဒတ်(န)ကျေးရွာ

အစည်းအဝေးပြုလုပ်ခြင်း၏ ရည်ရွယ်ချက်။ ။ရာသီခွင်ပြဇယားပြမြေပုံနှင့် ရှင်းလင်းချက်

နေ့စွဲ၊ (၂၅.၁၂.၂၀၁၇) အစည်းအဝေးစတင်ချိန် နေ့လည်(၁)နာရီ

အစည်းဝေးကျင်းပသည့်နေရာ-ဦးချစ်ဆန်းအိမ် အစည်းအဝေးပြီးဆုံးချိန် ညနေ(၅း၃၀)နာရီ

ပံ့ပိုးသူ၏အမည် - ဦးညိုကြည် အစည်းအဝေးကြာချိန် (၄း၃၀)နာရီ

ဆွေးနွေးသည့်အကြောင်းအရာများ - ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးချစ်ဆန်းမှ အစည်းအဝေးတက်ရောက်သူများအား ကြိုဆိုပါကြောင်း စကားပြောပါသည်။ ပုံနှင့်တကွ အစီရင်ခံစာကို ထိမိအောင်ရေးသားဖို့လဲ ပြောကြားပါသည်။ တက်ရောက်သူအားလုံးကိုလဲ ကျေးဇူးတင်ကြောင်း ပြောပါသည်။ အားလုံးအကြံဉာဏ်ပေးဖို့လဲ တောင်းဆိုပါသည်။

Scanned by CamScanner

အစည်းအဝေးတက်ရောက်သူစာရင်း

| စဉ် | အမည် | လက်မှတ် | စဉ် | အမည် | လက်မှတ် |
|---|---|---|---|---|---|
| ၁။ | ဦးဝင်းမောင် | | ၁။ | ဒေါ်မြင့်သန်း | |
| ၂။ | ဦးကျင် | | ၂။ | ဒေါ်ခွေးမ | |
| ၃။ | ဦးသာဦး | | ၃။ | ဒေါ်သိန်းမြင့် | |
| ၄။ | ဦးဆယ်ခင် | | ၄။ | ဒေါ်ညိုမြ | |
| ၅။ | ဦးညိုကြည် | | ၅။ | ဒေါ်စန်းအေး | |
| ၆။ | ဦးတင်ဝင်း | | ၆။ | ဒေါ်ခင်မာမြင့် | |
| ၇။ | ဦးလှဋ္ဌေး | | ၇။ | ဒေါ်သိန်းထိုက် | |
| ၈။ | ဦးမြင့်လွင် | | ၈။ | ဒေါ်ဋ္ဌေးရွှေ | |
| ၉။ | ဦးချစ်ဆန်း | | ၉။ | ဒေါ်ခင်စိန် | |
| ၁၀။ | ဦးအောင်ဝင်း | | ၁၀။ | ဒေါ်သန်းနု | |
| ၁၁။ | ဦးသိန်းဇော် | | | | |

မှတ်တမ်းလိုက်သူအမည်

ဦးချစ်ဆန်း


ရပ်မိ/ရပ်ဖ ခေါင်းဆောင်အမည်

ဦးချစ်ဆန်း

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သဗွတ်အုပ်စု၊ သဗွတ်(န)ကျေးရွာ၏

လမ်းမကောင်းခြင်း ပြဿနာသစ်ပင်ခြေရှင်းချက်



## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သဒ္ဒတ်အုပ်စု၊ သဒ္ဒတ်(န)ကျေးရွာ၏

## လမ်းပန်းဆက်သွယ်ရေးပြဿနာ အစီရင်ခံစာ

ရက်စွဲ၊ ၁၇.၁၂.၂၀၁၆

